## ရည်ရွယ်ချက်

အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းမှ ဝင်ငွေရရှိသည့် အခွန်ထမ်းများအနေဖြင့် ကျသင့်အခွန်များထမ်းဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များအား ရှင်းလင်းစွာသိရှိနိုင်ရန် ရည်ရွယ်၍ ဤလက်ကမ်းစာစောင်အား ရေးသားရခြင်းဖြစ်ပါသည်။



## အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း

- ❖ မည်သူမဆို အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ မိမိရရှိသည့်ဝင်ငွေ အတွက် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည် ဖြစ်ပါသည်။
- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆိုသည်မှာ မိမိကျွမ်းကျင်သည့်လုပ်ငန်းကို အခကြေးငွေယူ၍ လုပ်ကိုင်ပေးသော လုပ်ငန်းအားလုံးဖြစ်ပြီး ဆရာဝန်၊ သူနာပြု ဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်/သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ စသည်တို့၏ အခကြေးငွေယူပြီး လုပ်ကိုင်သော လုပ်ငန်းများကိုဆိုလိုပါသည်။
- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေမှာ လစာရယူ၍လုပ်ကိုင်ခြင်း မဟုတ်ဘဲ အခကြေးငွေအဖြစ်ရရှိသည့်ဝင်ငွေဖြစ်ပါသည်။
- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကို ကိုယ်တိုင်မလုပ်ကိုင်ဘဲ အခြားသူအားငှားရမ်းလုပ်ကိုင်လျှင် ထိုလုပ်ငန်းကို စီးပွားရေးလုပ်ငန်းခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည် ဖြစ်ပါသည်။

## ကျသင့်အခွန်နှုန်းထား

- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသည့် ဝင်ငွေအပေါ် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် အောက်ဖော်ပြပါ အခွန်နှုန်းဖြင့် တွက်ချက်ရမည်ဖြစ်ပါသည်-

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | ဝင်ငွေခွန်နှုန်း | ကျသင့်အခွန် | အဆင့်ဆင့်ကျသင့်အခွန် |
|---|---|---|---|---|---|
| | ကျပ်(မှ) | ကျပ်(ထိ) | | | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ % | ၀ | ၀ |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ % | ၄၀၀,၀၀၀ | ၄၀၀,၀၀၀ |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ % | ၂,၀၀၀,၀၀၀ | ၂,၄၀၀,၀၀၀ |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ % | ၃,၀၀၀,၀၀၀ | ၅,၄၀၀,၀၀၀ |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ % | ၄,၀၀၀,၀၀၀ | ၉,၄၀၀,၀၀၀ |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၅ % | | |



- ❖ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် နှစ်စဉ်ပြဋ္ဌာန်းသတ်မှတ်ထားသည့် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေသည့် ဝန်ဆောင်မှုများတွင် မပါရှိသော အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရရှိသူများအနေဖြင့် နှစ်တစ်နှစ်အတွင်းဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း (၅၀၀) ထက်ကျော်လွန်ပါကကုန်သွယ်လုပ်ငန်းခွန် ၅ % ကျသင့်မည်ဖြစ်ပါသည်။
- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းများအနက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအတွက်ရရှိသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ငွေထုတ်ပေးရန်တာဝန်ရှိသူက နုတ်ယူ၍ နုတ်ယူသည့်နေ့မှ ၁၅ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးသို့ ပင်ရင်းမှနုတ်ယူပေးသွင်းရမည်ဖြစ်ပါသည်။
- ❖ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ထားသော ကျန်းမာရေးစောင့်ရှောက်ပေးသူများသို့ လစဉ်ပေးချေသည့် လစာဝင်ငွေဖြစ်ပါက ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်ကို နုတ်ယူပေးသွင်းရန်မလိုအပ်ပါ။

## သက်သာခွင့်များ

- ❖ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  - ▪ အခြေခံသက်သာခွင့် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ - ၂၀ ရာခိုင်နှုန်း (နှစ်တစ်နှစ်အတွက်စုစုပေါင်းခွင့်ပြုငွေ ကျပ်သိန်း ၁၀၀ ထက်မပိုစေရ)
  - ▪ အတူနေမိဘတစ်ဦးလျှင် - ကျပ် ၁၀ သိန်းစီ
  - ▪ အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် - ကျပ် ၁၀ သိန်း
  - ▪ သားသမီးတစ်ဦးလျှင် - ကျပ် ၅ သိန်းစီ (အိမ်ထောင်မရှိ/ ဝင်ငွေခွန်ထိုက်သင့်သည့်ဝင်ငွေမရရှိသူ/ အသက် ၁၈ နှစ်အောက်/ အသက် ၁၈ နှစ် ပြည့်ပြီးသော်လည်း အချိန်ပြည့် ပညာသင်ကြားလျက်ရှိသူ)
  - ▪ အခွန်ထမ်းနှင့်အိမ်ထောင်ဖက်တို့၏ အသက်အာမခံပရီမီယံပေးသွင်းငွေ
  - ▪ လူမှုဖူလုံရေးရန်ပုံငွေသို့ထည့်ဝင်ငွေ (အခွန်ထမ်းအတွက်သာ)
- ❖ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆-က အရ သက်သာခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
  - ▪ နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသောဘာသာရေး (သို့) ကုသိုလ်ရေးဆိုင်ရာ



အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ၊ ယင်းကိစ္စများနှင့်သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင်ငွေကိုနုတ်ပယ်ခွင့်ရှိသည်။ သို့ရာတွင် အခွန်ထမ်း၏စုစုပေါင်းဝင်ငွေ၏ ၂၅% နှင့်ညီမျှသောငွေထက် မပိုစေရပါ။

## စရိတ်နုတ်ပယ်ခြင်း

- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေကိုတွက်ချက်ရာတွင် ဝင်ငွေရရှိရန်ကုန်ကျသည့်စရိတ်များနှင့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပယ်တွက်ချက်ရမည်ဖြစ်ပါသည်။ သို့ရာတွင်အောက်ပါတို့ကို နုတ်ပယ်ခွင့်မပြုပါ-
  - ▪ မ-တည်စရိတ်၊
  - ▪ ကိုယ်ရေးကိုယ်တာစရိတ်၊
  - ▪ လုပ်ငန်းပမာဏနှင့်မမျှအောင်များသည့်စရိတ်။




- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် အတတ်ပညာ၊ အသိပညာတို့ကို အရင်းအနှီးပြု၍ လုပ်ကိုင်ရသဖြင့် လုပ်ငန်းသဘာဝကိုလိုက်၍ ခွင့်ပြုရမည့်စရိတ်များမှာလည်း ပြောင်းလဲမှုရှိနိုင်ပါသည်။ ဆရာဝန်တစ်ဦး၏ စရိတ်နှင့် ရှေ့နေတစ်ဦး၏ စရိတ်များတူညီနိုင်မည်မဟုတ်ပါ။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းအားလုံးနှင့် အကျုံးဝင်မည့်စရိတ်များကို ပုံသေသတ်မှတ်ပေးထားခြင်းမရှိပါ။

## လိုက်နာဆောင်ရွက်ရမည့်တာဝန်များ

- ❖ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများနှင့်ဆက်သွယ်၍ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ အောက်ပါကိစ္စရပ်များအား မပျက်မကွက်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-
  - ▪ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သော လုပ်ငန်းဖြစ်ပါက လစဉ်ကျသင့်သောအခွန်ပေးသွင်းခြင်းနှင့် သုံးလတစ်ကြိမ်ကြေညာလွှာ တင်သွင်းခြင်း၊
  - ▪ သက်ဆိုင်ရာသုံးလပတ်အလိုက် ကြိုတင်ဝင်ငွေခွန် ပေးသွင်းခြင်း၊
  - ▪ ဆိုင်ရာဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး သုံးလအတွင်း အခွန်ဆိုင်ရာကြေညာလွှာများ တင်သွင်းခြင်း၊
  - ▪ မိမိ၏ ဝင်ငွေ၊ အသုံးစရိတ်နှင့်ပတ်သက်သည့် အထောက်အထားစာရင်းများတင်ပြ၍ စည်းကြပ်မှုခံယူခြင်း၊
  - ▪ ကျသင့်အခွန်ကို သတ်မှတ်ကာလအတွင်း မပျက်မကွက်ပေးသွင်းခြင်း။

## တွက်ချက်မှု(နမူနာ)

ဒေါက်တာဦးဘသည် ဆရာဝန်တစ်ဦးဖြစ်ပြီး “A” ပုဂ္ဂလိကဆေးရုံတွင် အချိန်ပိုင်းဆေးကုသပါသည်။ ထိုသို့အချိန်ပိုင်းဆေးကုသခြင်းအတွက် ဘဏ္ဍာနှစ်အတွင်း အခကြေးငွေအဖြစ် ကျပ်သိန်း ၃၀၀ ရရှိပြီး အဆိုပါ ဆေးရုံမှငွေထုတ်ပေးချိန်၌ ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ပင်ရင်းမှနုတ်ယူပေးသွင်းပါသည်။ ဒေါက်တာသည် အချိန်ပိုင်းဆေးကုသခြင်းအတွက် အထွေထွေကုန်ကျစရိတ် ကျပ်သိန်း ၃၀ ကုန်ကျပါသည်။ ဒေါက်တာတွင် အတူနေမိဘ(၂)ဦး၊ မှီခိုသူဇနီးနှင့် စီးပွားရေးတက္ကသိုလ် တက်ရောက်နေသည့် သမီးအမွှာ(၂)ဦးရှိပါသည်။ ဒေါက်တာနှင့် ဇနီးဖြစ်သူအတွက် အသက်အာမခံကြေးအဖြစ် လစဉ် ကျပ် ၅၀,၀၀၀ စီ ပေးသွင်းပါသည်။ ဒေါက်တာဦးဘ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှဝင်ငွေကို အောက်ပါအတိုင်း ဝင်ငွေခွန်တွက်ချက်ရပါမည်-

| | | |
|---|---|---|
| ရရှိသည့်အခကြေးငွေစုစုပေါင်း | = | ၃၀,၀၀၀,၀၀၀ ကျပ် |
| **(နုတ်)ကုန်ကျစရိတ်များ** | | |
| အထွေထွေကုန်ကျစရိတ် | = | ၃,၀၀၀,၀၀၀ ကျပ် |
| **စုစုပေါင်းဝင်ငွေ** | **=** | **၂၇,၀၀၀,၀၀၀ ကျပ်** |

**(နုတ်)သက်သာခွင့်များ**

| | | |
|---|---|---|
| အခြေခံသက်သာခွင့် (ဝင်ငွေ၏ ၂၀%၊ ကျပ်သိန်း ၁၀၀ ထက် မပိုရ) | = ၅,၄၀၀,၀၀၀ ကျပ် | |
| အတူနေမိဘ(၂)ဦးအတွက် သက်သာခွင့်(၁,၀၀၀,၀၀၀ x ၂ ဦး) | = ၂,၀၀၀,၀၀၀ ကျပ် | |
| အိမ်ထောင်ဖက်အတွက် | = ၁,၀၀၀,၀၀၀ ကျပ် | |
| သားသမီးအတွက် သက်သာခွင့်(၅၀၀,၀၀၀ x ၂ ဦး) | = ၁,၀၀၀,၀၀၀ ကျပ် | |
| အသက်အာမခံကြေး (၅၀,၀၀၀ x ၁၂လ)x ၂ ဦး | = ၁,၂၀၀,၀၀၀ ကျပ် | |
| စုစုပေါင်းသက်သာခွင့်များ | | = (၁၀,၆၀၀,၀၀၀) ကျပ် |
| အခွန်စည်းကြပ်ရန်ဝင်ငွေ | | = ၁၆,၄၀၀,၀၀၀ ကျပ် |



| | | |
|---|---|---|
| ကျသင့်ဝင်ငွေခွန် | = | ၁,၀၄၀,၀၀၀ ကျပ် |
| (နုတ်) ကြိုတင်ဝင်ငွေခွန် (ပင်ရင်းမှနုတ်ယူပေးသွင်းအခွန် ၂ %) | = | ၆၀၀,၀၀၀ ကျပ် |
| ထပ်မံပေးဆောင်ရမည့်ဝင်ငွေခွန် | = | ၄၄၀,၀၀၀ ကျပ် |

**ဝင်ငွေအလွှာလိုက်အပေါ် ကျသင့်အခွန်တွက်ချက်ခြင်း**

| | | |
|---|---|---|
| ၁ မှ ၂,၀၀၀,၀၀၀ အထိ(၂,၀၀၀,၀၀၀ X ၀%) | = | ၀ ကျပ် |
| ၂,၀၀၀,၀၀၁ မှ ၁၀,၀၀၀,၀၀၀ အထိ(၈,၀၀၀,၀၀၀ X ၅%) | = | ၄၀၀,၀၀၀ ကျပ် |
| ၁၀,၀၀၀,၀၀၁ မှ ၁၆,၄၀၀,၀၀၀ အထိ(၆,၄၀၀,၀၀၀ X ၁၀%) | = | ၆၄၀,၀၀၀ ကျပ် |

## ကျေးဇူးတင်လွှာ

နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် တည်ဆဲအခွန်ဆိုင်ရာဥပဒေများနှင့်အညီ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝအခွန်ပေးဆောင်ကြသော အခွန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်-၁၂၈/ ၁၃၂၊ ဒုတိယထပ်နှင့်တတိယထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ လမ်း ၆၀၊ ၁၀၁(A) x ၁၀၂ လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

## “အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းခေါင်းစဉ်မှ အခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ”



၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

**https://www.ird.gov.mm**

**“Tax by the Law, Service by our Heart”**